


သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# ပုဏ္ဏားလှမ်း ၆၀

## လမ်းခွဲမသွားပါနဲ့

ပန်းချီသိန်းရွှေကြည်

## အခန်း (၁)

"မေသူစိုး မင်းရဲ့ ကြီးကြီးမှာ ခဲ့တဲ့ အတိုင်း သူဆုံးပြီးရင် သူ့သေတမ်းစာကို မေသူစိုးကို ဖတ်ပြပြီး လိုက်နာဖို့ မှာ ခဲ့တယ်"

မေသူစိုးရဲ့ ကြီးကြီးဒေါ်ရွှေမိ သေဆုံးပြီး ရက်လည်ဆွမ်းသွပ်လည်းပြီးပါပြီ။ မေသူစိုး စိတ်တည်တည်ငြိမ်ငြိမ်ဖြစ်သည့် အချိန်ကျမှ တာဝန်လွှဲအပ်ခြင်းခံခဲ့ရသော ရှေ့နေကြီး ဦးမျိုးခင်က ချိပ်ပိတ်ထားသော စာအိတ်တစ်အိတ်နှင့် မေသူစိုးထံသို့ ရောက်လာပါသည် ။

"ကြီးကြီးက ဘာတွေမှာ ခဲ့လဲ ဟင် ..."

"ဒီချိပ်ပိတ်ထားတဲ့ စာအိတ်ကို ဖောက်ဖတ်ရင် သိရမှာ ပေါ့ကွယ်"

"ကြီးကြီး ဘာရေးခဲ့တယ်ဆိုတာ ဦးသိမှာ ပေါ့"

"ကဲပါကွယ် ဒီစာအိတ်ကို ဦးမဖောက်ခင် ပိတ်ထားတဲ့ ချိပ်ကိုပျက်စီးမှု ရှိမရှိ စစ်ဆေးကြည့်ပါဦး"

"ဦးလေးတို့ ပဲ ကြည့်ပေးပါ"

မေသူစိုးအား ခေါ်ခိုင်းထားသော အသိသက်သေနှစ်ဦးက အနားမှာ ရှိနေသည် ။ မေသူစိုးက သူတို့ နှစ်ယောက်ကို ကြည့်စေလိုက်သည် ။

"ချိပ်က ပျက်စီးမှုမရှိပါဘူး"

"ကဲ ... ဒါဆို ကျွန်တော် ဖောက်ဖက်လိုက်တော့မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သက်သေနှစ်ဦးက ထောက်ခံလိုက်သဖြင့် ဦးမျိုးခင်က စာအိတ်ညို ညိုတူးတူးကြီးကို ဖောက်လိုက်သည် ။ စာအိတ်ထဲမှ စာရွက်ခေါက်ကို ဖြန့်လိုက်သည် ။

"အားလုံးကြားအောင် ဦးဖတ်ပြမယ်နော်"

"ဟုတ်ကဲ့"

မေသူစိုးက ဦးမျိုးခင်ဖတ်ကြားသည့် အကြောင်းအရာတွေကို နား ထောင်ရင်း မျက်လုံးကြီး ပြူးဝိုင်းလာသည် ။ ရုတ်တရက် ရင်ထဲမှာ ဒေါ သတွေ အလိပ်လိုက်ပေါက်ကွဲပြီး အနီးရှိစားပွဲကို ဝုန်းခနဲ ထုချလိုက် သည် ။

ဖတ်နေသော ဦးမျိုးခင် အပါအဝင် အခန်းမှာ ရှိသော အသိသက် သေနှစ်ယောက်ပါ လန့်ဖျပ်သွားသည် ။

"ဒါ လုံးဝအဓိပ္ပာယ်မရှိဘူး … ကျွန်မ လုံးဝလက်မခံနိုင်ဘူး"

"နေပါဦး မေသူစိုးရယ် ဒီလောက်ကြီး စိတ်မလှုပ်ရှားပါနဲ့ "

"လှုပ်ရှားရတယ်ဦး ကျွန်မဘဝတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ ဒီအိမ်ထော င်ရေးကို ကျွန်မလက်မခံနိုင်ဘူး"

"သူပြောသလို လက်မခံရင် မင်း … အမွေရဲ့ သုံးပုံနှစ်ပုံကို ဆုံးရှုံးရ လိမ့်မယ်"

"တစ်ပြားမှ မရချင် နေပါစေ၊ ကျွန်မတစ်ခါမှ မမြင်ဖူးတဲ့ လူကို လက်မထပ်နိုင်ဘူး"

"အဲဒီ မောင်ဇော်မင်းက မင်းကြီးတော်ရဲ့ မိတ်ဆွေသားပဲ၊ သူ့ကို ငယ်

ငယ်လေးကတည်းက မင်းကြီးတော် သိခဲ့တာ"

"သူနဲ့ သိတာနဲ့ ကျွန်မသိတာမှ မဟုတ်ဘဲ၊ ပြီးတော့ အဲဒီလူက ဘယ်လိုလူစားမျိုးလဲမှ မသိတာ"

"ဒေါ်ရွှေမိက မင်းကို သမီးအရင်းလေးလို သူ ပြုစုစောင့်ရှောက်လာခဲ့တာ၊ မင်း ဒုက္ခရောက်အောင် မလုပ်ပါဘူး"

"အဲဒီလူကို ကျွန်မ မသိဘူး၊ ဘယ်လိုနည်းနဲ့ မှ လည်း လက်မထပ်နိုင်ဘူး"

"ဒေါ်ရွှေမိက စေတနာနဲ့ စီစဉ်ခဲ့တာကို မင်းက ငြင်းပယ်ရက်သလား ၊ သူ့စေတနာကို မင်းလေးစားဖို့ ကောင်းပါတယ်"

"ကြီးကြီးကို ကျွန်မချစ်တယ် လေးလည်း လေးစားပါတယ်၊ ဒါပေမဲ့ ကျွန်မဘဝ တစ်ခုလုံးနဲ့ ဆိုင်တဲ့ ကိစ္စကို ကျွန်မဘာသာပဲ ဆုံးဖြတ်ချင်တယ်"

"မင်း … ထင်ရာမလုပ်သင့်ဘူး"

"ဦးက ဘာပြုလို့ အတင်းတိုက်တွန်းနေတာလဲ"

"ဒေါ်ရွှေမိရဲ့ စေတနာကိုသိလို့ ၊ သူ့ရဲ့ ဆန္ဒကိုလည်း ပြည့်ဝစေချင်လို့ ပေါ့ကွယ်"

"သူ့ဆန္ဒပြည့်ဝဖို့ မချစ်မနှစ်သက်တဲ့ သူကို ကျွန်မက လက်ထပ်ရမှာလား"

"အမြော်အမြင်ကြီးတဲ့ လူကြီးက စီစဉ်ထားတာ အမှားမဖြစ်နိုင်ပါဘူးကွယ်၊ ဦးကတော့ မေသူစိုးကို လက်ခံစေချင်တယ်"

"အဲဒါတော့ ဦးတို့ မတရားဘူး၊ ကျွန်မဘက်ကို ထည့်မစဉ်းစားပေး

တာပဲ"

အမြဲတမ်း နူးညံ့သိမ်မွေ့သော မေသူစိုးမှာ ကား ဒေါသဖြစ်ပြီး ရှေ့နေကြီး ဦးမျိုးခင်ကို ရန်တွေ့နေပါတော့သည်။

"ကြီးကြီးစီစဉ်တာကို ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး"

"ဒါဆိုရင် မင်းက အမွေတွေကို အဆုံးခံမယ်ပေါ့"

"ဟုတ်တယ်"

"သေတဲ့ သူ အသေမဖြောင့်အောင်ကွယ်"

"ကြီးကြီးမဆုံးခင်က ကျွန်မဒီလို ငြင်းဆန်တာ ဆိုရင်တော့ ကြီးကြီး အသေဖြောင့်ချင်မှ ဖြောင့်မယ်၊ ခုက ကြီးကြီးဆုံးပြီးနေပြီလေ ဘာဖြစ်နေတယ်ဆိုတာ သူမသိနိုင်ပါဘူး၊ လက်တွေ့ကျကျ စိတ်ဆင်းရဲရမှာ ကျွန်မပါ"

မင်းကြည့်တော့ ပျော့ပုံပျော့ရက်နဲ့ သိပ်ခေါင်းမာပါလား"

"ဦးရယ် ဒီကိစ္စ ဒီမှာ ပဲရပ်ပေးပါ၊ ကြာရင် ကျွန်မပေါက်ကွဲပြီး အခြေအနေပိုဆိုးပါလိမ့်မယ်"

"ကောင်းပြီလေ မင်းစဉ်းစားပါ၊ အချိန်ယူပြီးတော့ သေသေချာချာ စဉ်းစားပါ၊ ဒီကိစ္စက အလောတကြီး မဟုတ်ပါဘူး"

"ကောင်းပါပြီ ဦး"

"မောင်ဇော်မင်းဆိုတာ လူတော်လူကောင်းတစ်ယောက် ဆိုတာကို တော့ မင်းကို သိထားစေချင်တယ်"

"ဒီကိစ္စကို သူသိပြီးပြီလား"

"သိပြီးပြီ"

"သူက ဘယ်ကလဲ"

"မကြာခင်က နိုင်ငံခြားကပြန်လာတာ"

"မိန်းမတစ်ယောက်ရဖို့ နိုင်ငံခြားကတောင် ပြန်လာတယ်ဟုတ်လား ၊ ကြီးကြီးရဲ့ အမွေတွေကို တော်တော်မခက်ရှာဘူး ထင်ပါရဲ့ "

မေသူစိုးက လှောင်ပြောင်ပြီး ရယ်မောမောနှင့် ပြောလိုက်သည် ။ ဒေါ်ရွှေမိရဲ့ ဆန္ဒ မပြည့်သေး၍ တာဝန်မကင်းဟု ခံစားရသော ဦးမျိုးခင်က မေသူစိုးကို မကြည်လင်သော အကြည့်နှင့် ကြည့်နေသည် ။

"ဒေါ်ရွှေမိရဲ့ ကျေးဇူးကို မဆပ်နိုင်ရင်တောင်မှ ကျေးဇူးမကန်းမိအောင် ဆင်ခြင်လိမ့်မယ်လို့ ဦးယုံကြည်တယ်၊ ကဲ ဦးကိုခွင့်ပြုဦး"

ဦးမျိုးခင်က သေတမ်းစာကို အိတ်ထဲသို့ထည့်ပြီး ပြန်သွားသည် ။ မေသူစိုးကို အလွန်ခေါင်းမာသည် ဆိုပြီး စိတ်ဆိုးသွားပါသည် ။

မေသူစိုးကလည်း အလွန်ဒေါသဖြစ်ပြီး အခန်းတံခါးကို ဝုန်းခနဲပိတ်ပြီး အခန်းအောင်းနေလိုက်သည် ။

"ကြီးကြီးက ငါ့ကို မတိုင်ပင်ဘဲ ဒီလိုတစ်ဖက်သတ် လုပ်ခဲ့တာ သိပ်တရားလွန်တယ်"

"တကယ်ဆိုရင် ငါ့ရဲ့ သဘောတူညီတာကို ရအောင်ယူပြီးမှ စီစဉ်သင့်တာပေါ့"

"အရမ်းကို စိတ်ဆိုးတာပဲ"

အခန်းထဲမှာ စိတ်မတည်ငြိမ်စွာဖြင့် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ထွက်ပေါက်ကို ရှာလိုက်သည် ။

"တော်ပြီ အိမ်ထဲနေပြီး အလကားဒေါသဖြစ်ရမယ့်အတူတူ အပြင်

ထွက်တာပဲ ကောင်းတယ် ကောင်းတယ်"

မိဘတွေလက်ထက်ကတည်းက အိမ်မှာ ရှိနေသော အိမ်ဖော်မကောက်ကိုထားခဲ့ပြီး အိမ်မှ ထွက်လာသည် ။

"မမလေး ... ဘယ်သွားမလို့ လဲ"

"စိတ်ညစ်လို့ စနိုးနဲ့ သွားစကားပြောမလို့ "

"မမလေးရယ် ကြီးကြီးက စေတနာနဲ့ လုပ်ခဲ့တာနေမှာ ပါ။ စိတ်ညစ်ပြီး လျှောက်မသွားနဲ့ ဦးနော်"

"ကြီးကြီးအကြောင်းမပြောနဲ့ ငါအရမ်းစိတ်တိုနေတယ်"

ဒေါသမဖြစ်စဖူး ဖြစ်နေသော မေသူစိုးကိုကြည့်ပြီး မကောက်က နောက်ထပ် စကားမဟဖြစ်တော့ပါ။

"ငါသွားမယ်၊ တံခါးတွေ သေသေချာချာပိတ်ထားလိုက်"

"ဟုတ်ကဲ့"

ဒေါသဖြစ်နေ၍ မေသူစိုးရဲ့ ခြေလှမ်းတွေကပါ ဘောက်ဆတ်ဆတ်ဖြစ်နေသည် ။ စနိုးအိမ်သို့သွားရန် ကားဂိတ်ဆီသို့ လျှောက်လာခဲ့သည် ။

"ဒီနေ့ ရုံးပိတ်ရက်ဆိုတော့ စနိုးအိမ်မှာ ရှိမှာ ပဲ"

သူ့အိမ်ကနေ သုံးမှတ်တိုင်စီးရသော ငယ်သူငယ်ချင်းစနိုးထံသို့ ရောက်လာခဲ့သည် ။

တိုက်ခန်းတံခါးကို ခေါက်လိုက်သည် ဆိုလျှင်ပဲ စနိုးက လာပြီး တံခါးဖွင့်ပေးသည် ။

"ဟယ် ... မေသူ"

"တော်ပါသေးရဲ့ နင်အိမ်မှာ ရှိလို့ "

"ဟုတ်တယ် ငါရုံးပိတ်ရက်မှာ မေမေနဲ့ ညီမလေးက သွားစရာရှိတာ သွားကြလို့ အိမ်စောင့်နေရတယ်"

"ဒါဆို အိမ်မှာ နင်တစ်ယောက်တည်းပေါ့"

"ဟုတ်တယ်၊ လာ ... ထိုင်ဦး"

"နင် ဘာလုပ်နေတာလဲ"

"ဟင်းချက်နေတာ ပြီးတော့မယ်"

"ငါ အရမ်းဒေါသဖြစ်ပြီး နင့်ဆီထွက်လာတာ"

"ဟယ် ... ဘာတွေဖြစ်လာတာလဲ"

"အဲဒါပြောမလို့ "

"ဒါဆို ခဏထိုင်ဦး၊ ဟင်းအိုးချပြီးရင် အေးအေးဆေးဆေးပြောမယ်"

"အင်း"

"နင် ဘာသောက်မလဲ"

"ရင်ပူလွန်းလို့ ရေအေးအေးပဲ တိုက်စမ်းပါ"

"ရေခဲသေတ္တာထဲမှာ ရေပုလင်းတွေအပြည့်ပဲ၊ နင် ကြိုက်သလောက်သာ သောက်ပေတော့"

စနိုးက ရယ်မောပြောဆိုပြီး မီးဖိုထဲသို့ ဝင်သွားသည် ။ မေသူစိုးက ရေခဲသေတ္တာထဲက အေးစက်နေသော ရေကို နှစ်ခွက်ဆင့်သောက်လိုက်သော်လည်း ရင်ထဲက ဒေါသမီးက မအေးသေးပါ။

ကုလားထိုင်မှာ ခြေပစ်လက်ပစ်ထိုင်လိုက်ပြီး စနိုးထွက်အလာကို

စောင့်နေသည် ။

***

## အခန်း (၂)

ခဏအကြာမှာ စနိုး မီးဖိုထဲမှ ထွက်လာသည်။

"နင် ဒီမှာ ထမင်းစားပြီးမှ ပြန်နော်"

"စားချင်စိတ်တောင် မရှိပါဘူးဟယ်"

"ဘာတွေဖြစ်လာလို့ လဲ"

"သေသွားတဲ့ လူအကြောင်း မပြောချင်ဘဲ ပြောရတော့မယ် စနိုးရယ်
"

"ဘာလဲ ကြီးကြီးဘာတွေဖြစ်ခဲ့လို့ လဲ"

"ကြီးကြီးက ဖြစ်ခဲ့တာ မဟုတ်ဘူး၊ ငါ့ကိုဖြစ်ခဲ့အောင် လုပ်တာ"

"ဟင် ... နင့်ကို ကြီးကြီးက ဘာတွေလုပ်ခဲ့လို့ လဲ"

"ပြောမယ် ပြောမယ် ဒေါသဖြစ်ပေမဲ့ ပြောရမှာ ပဲ"

အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နေတတ်သော မေသူစိုး ဒေါသဖြစ်နေတာကို တွေ့ပြီး အံ့ဩနေသည်။

"ကြီးကြီးက သေတမ်းစာ ရေးခဲ့တယ်တဲ့၊ ဒီနေ့ပဲ ဦးမျိုးခင်က ငါ့ကို အသိသက်သေတွေရှေ့မှာ ဖတ်ပြတယ်လေ"

"ဟုတ်လား ကြီးကြီးက ဘာတွေရေးခဲ့လဲ"

"သူ့သက်တမ်းစာမှာ ငါ့ကို သူပေးစားတဲ့ ယောက်ျားယူမှ အမွေအားလုံး ခံစားခွင့်ရှိတယ်တဲ့ "

"ဟုတ်လား သူပေးစားတာ ဘယ်သူလဲ"

"သူ့ရဲ့ သူငယ်ချင်းသား ဇော်မင်းတဲ့၊ နိုင်ငံခြားက ပြန်လာတာတဲ့ "

"ဟင် ... နိုင်ငံခြားက ပြန်လာတာ ဟုတ်လား"

"အင်း ... နိုင်ငံခြားမှာ ခဏသွားအလုပ်လုပ်တယ်ဆိုလား မသိပါဘူးဟာ"

"နေစမ်းပါဦး အဲဒီ ဇော်မင်းဆိုတာကို နင် မြင်ဖူးလား"

"နာမည်တောင်ခုမှ ကြားတာလေ လူကိုမြင်ဖူးဖို့ ဆိုတာဝေးရော"

"နင့်ကြီးကြီးကတော့ နင့်ကို ဒီအကြောင်း ကြိုမပြောခဲ့ဘူးလား"

"ဟင့်အင်း ..."

"သေတမ်းစာရေးခဲ့တာဆိုတော့ သူ ကြိုတင်ပြင်ဆင်ထားတာပဲ၊ နင့်ကို အရိပ်အမြွက်လေးတောင် ပြောမပြဘူးလား"

"စကားစပ်တဲ့ အခါကျရင်တော့ သူ အိမ်ထောင်ရေးအကြောင်း ပြောတယ်၊ မိဘပေးစားတဲ့ ယောက်ျားကိုယူပြီး သူ့ဘဝအဆင်ပြေ စိတ်ချမ်းသာတယ်ဆိုတာ ပြောပြတယ်၊ ငါ့ကိုလည်း သူမသိဘဲ ရည်းစားမထားရဘူးလို့ ပြောတယ်"

"အင်း ... အဲဒီတည်းက သူ့မှာ ရည်ရွယ်ချက်ရှိလို့ နေမှာ ပေါ့"

"မပြောတတ်ပါဘူးဟယ်"

"ဒီတော့ ... နင် ဘာလုပ်မယ် ဆုံးဖြတ်လဲ"

"ငါကတော့ ပြတ်ပြတ်သားသားပဲလေ၊ အမွေမရရင်နေ မသိတဲ့ မမြင်ဖူးတဲ့ လူကို လက်မထပ်နိုင်ပါဘူး"

"အမွေတွေကို အဆုံးခံမယ် ဟုတ်လား"

"အင်း"

"နှမြောစရာကြီးဟယ်"

"မချစ်မနှစ်သက်တဲ့ လူကို ပေါင်းသင်းရတဲ့ ဒုက္ခက ပိုကြီးပါတယ်ဟယ်"

"အဲဒီလူနဲ့ တွေ့ကြည့်ပါဦးလား"

"မတွေ့ချင်ပါဘူး၊ ပုံစံကြီးနဲ့ ချထားတဲ့ အိမ်ထောင်ရေးကို ငါ စိတ်မဝင်စားဘူး"

"အချစ်နဲ့ တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးပေါ့"

"ဪ ... အချစ်ကို ဦးစားပေးမှာ ပေါ့"

"ဟုတ်တယ် ... လူနှစ်ယောက် သေတပန်သက်တဆုံး ပေါင်းရမှာ အချစ်နဲ့ အခြေခံတည်ဆောက်မှ အဲဒီအိမ်ထောင်ရေးက ခိုင်မြဲမှာ ပေါ့"

"အေးလေ နင့်ဘဝကို နင်ပိုင်တာပဲ စိတ်ချမ်းသာသလိုသာ ဆုံးဖြတ်ပေါ့"

"ရှေ့နေကြီး ဦးမျိုးခင်က ကြီးကြီးရဲ့ လူ သိလား၊ ငါ့ကို ကြီးကြီးစီစဉ်တာ လက်ခံဖို့ အတင်းတိုက်တွန်းနေတယ်"

"ဟုတ်မှာ ပေါ့"

"သူ ခဏ ခဏ လာပြီး ငါ့ကို စည်းရုံးနေမှာ ပဲ၊ ဒါကြောင့် ငါ အိမ်မှာ နေချင်စိတ်တောင် မရှိဘူး"

"ဒီအိမ်က နင့်အမေနဲ့ လည်း ဆိုင်တာပဲ မဟုတ်လား"

"ဟုတ်တယ်လေ ကြီးကြီးနဲ့ မေမေတို့ နှစ်ယောက်ဆိုင်တာ၊ ကြီးကြီး မဆုံးခင်ကတည်းက ဒီအိမ်ကို ငါ့ကို အပြီးလွှဲပြီးသား အမွေနဲ့ မဆိုင် တော့ဘူး"

"ဘာလဲ နင်ပိုင်တဲ့ အိမ်ကြီးကိုပစ်ပြီး နင်က ဘယ်သွားနေဦးမှာ လဲ"

"လောလောဆယ် တစ်နေရာရာကို ရှောင်သွားချင်တယ်"

"ဖြည်းဖြည်းစဉ်းစားပါတယ်၊ အရင်စလို မဆုံးဖြတ်ပါနဲ့ "

"အေးပါ"

"အဲဒီ ဇော်မင်းဆိုတဲ့ လူနဲ့ တွေ့ပြီး ညှိကြည့်ပါဦးလား"

"ဟာ ... မတွေ့ချင်ပါဘူး၊ သူနဲ့ လုံးဝမပတ်သက်ချင်ဘူး"

"တစ်ခါမှ မတွေ့ဖူးသေးတဲ့ လူကို နင်က ခါးခါးသီးသီးကို ဖြစ်နေ တာပဲ"

"မိန်းမတစ်ယောက်ကို မမြင်ဖူးသေးဘဲ လက်ထပ်ဖို့ စဉ်းစားတဲ့ အဲဒီ ခပ်ညံ့ညံ့လူကို ငါမတွေ့ချင်ဘူး"

လုပ်ချင်တာကို စွတ်လုပ်တတ်ပြီး ခေါင်းမာသော မေသူစိုးကိုကြည့် ပြီး စနိုး သက်ပြင်းချလိုက်သည် ။

"ကဲ ... ထမင်းစားကြရအောင်"

"မစားချင်ပါဘူး"

"ဘာလဲ ဒေါသတွေနဲ့ ပြည့်နေတယ်လို့ ပြောဦးမလို့ လား"

"ဟုတ်တယ်"

"သည်းခံစိတ်ရှည်တဲ့ နင် ဒီတစ်ခါ ဘယ်လိုဖြစ်တာလဲ"

"စနိုးရယ် ဒီကိစ္စကြီးက သည်းခံလို့ ရတဲ့ ကိစ္စမှ မဟုတ်တာ၊ နင်ဆိုရင်ရော ဘယ်လိုခံစားရမလဲ"

"ငါဆိုရင်လား မပြောတတ်ပါဘူး"

"ငါတို့ နှစ်ယောက်စလုံး ရည်းစားမထားမိတာ မှားတာပဲနော်"

"ဘာလဲ ရည်းစားရှိရင် တစ်ခါတည်း ယူပစ်လိုက်မလို့ လား"

"အေးပေါ့"

"ဒါဆို အရေးပေါ်ရည်းစားလေး မြန်မြန်ရှာလိုက်ပါလား"

"ပေါက်ကရ မပြောစမ်းပါနဲ့ စနိုးရာ"

"ဒါနဲ့ နင် တစ်နေရာကို သွားချင်ရင် စွတ်မထွက်သွားနဲ့ နော် ငါ့ကို ပြောဦး"

"အေးပါ"

"ဘာလဲ ပြန်တော့မလို့ လား"

မေသူစိုးက ထရပ်လိုက်၍ စနိုးကမေးသည် ။

"အင်း"

"အေးအေးဆေးဆေး နေပါလားဟယ်၊ ညနေမှ ပြန်ပါလား"

"ငါ့စိတ်တွေ မငြိမ်ဘူး တစ်နေရာတည်းမှာ ပဲ မနေချင်ဘူး"

"ဒါဆို အိမ်ပြန်မှာ လား"

"မပြန်သေးဘူး ဗိုလ်ချုပ်ဈေးထဲ သွားလိုက်ဦးမယ်"

"တစ်ယောက်တည်းပေါ့"

"အေးပေါ့ နင်ကမှ မအားတာ"

"ခဏလောက်စောင့်ပါလား၊ မေမေတို့ ပြန်လာရင် လိုက်ခဲ့မယ်လေ"

"နေပါစေတော့၊ နင့်အမေက ဘယ်အချိန်ပြန်လာမှာ မှန်း မသိတာ"

"အေးလေ ဒါဆိုသွားပေါ့၊ တစ်ယောက်တည်းသွားတော့ မတော်တဆ ရည်းစားလေးဘာလေး ရနိုင်တာပေါ့"

"ဒီမှာ စိတ်တိုနေတာနော်၊ နောက်မနေနဲ့ "

မေသူစိုးကိုကြည့်ပြီး စနိုးက သနားလည်း သနား၊ ရယ်လည်း ရယ်ချင်နေသည် ။ စနိုးအိမ်ကနေ မေသူစိုးထွက်လာခဲ့သည် ။ ဗိုလ်ချုပ်ဈေးထဲ တစ်ယောက်တည်းလျှောက်ပြီး အင်္ကျီစနှစ်စဝယ်ပြီး ပြန်လာခဲ့သည် ။

ဈေး ထဲ မှာ တစ်ပတ်ပြီးတစ်ပတ် လျှောက်ခဲ့သဖြင့် အိမ်ပြန်ရောက်တော့ အတော်ခြေညောင်းနေပြီ။

"မမလေးရယ် တစ်နေကုန် ဘယ်သွားနေတာလဲ၊ ကျွန်မ စိတ်ပူလိုက်တာ"

မကောက်က စိတ်ပူစွာ ပြောလာသည် ။ စိတ်မဆိုးစဖူး မကောက်ကိုပင် စိတ်ဆိုးမိသည် ။

"စနိုးအိမ်သွားတာပဲ ဘာစိတ်ပူစရာလိုလဲ"

ရာသီဥတုမသာယာမှန်းသိ၍ မကောက်က ထပ်ပြီးမပြောတော့ပါ။ မေသူစိုးက သူ့အခန်းကို ပြန်ပြီး မောလျစွာ ခုတင်ပေါ်ပစ်လှဲလိုက်သည် ။

"ဟူး ... အတော်လေးစိတ်ညစ်ရပါလား"

ခဏတစ်ဖြုတ်နားပြီး ရေချိုးကာ ခြံထဲမှာ ဆင်းထိုင်လိုက်သည် ။

"မမလေး ထမင်းစားမယ်"

"အေး ... လာပြီ"

"အိမ်ပေါ်ကို ပြန်တက်လာတာ မကောက်နှင့်အတူ ထမင်းစားပြီး ဒီဗွီဒီကြည့်ကာ အချိန်ဖြုန်းလိုက်သည် ။ ညအိပ်ရာဝင်စဉ် မအိပ်နိုင်သေးဘဲ အတွေးနယ်ချဲ့နေသည် ။"

"ကြီးကြီးရဲ့ အစီအမံကို ငါ ဆန့်ကျင်ရင် အမွေတွေဆုံးရှုံးမယ်၊ သုံးပုံတစ်ပုံပဲ ရမယ်ဆိုတော့ ထိုင်စားနေလို့ မဖြစ်ဘူး၊ ရုံးအလုပ်တစ်ခုခုကို ရှာလုပ်မယ်"

ဒေါ်ရွှေမိ အသက်ထင်ရှား ရှိနေစဉ် ဒေါ်ရွှေမိအား ပြုစုစောင့်ရှောက်ပေးရသဖြင့် မေသူစိုးက အလုပ်လုပ်ဖို့ စိတ်ကူးကိုပင် မရခဲ့ပါ။

ရိုးရိုးဘွဲ့လေးတစ်ခုသာ ပိုင်ဆိုင်ခဲ့၍ ချက်ချင်းထပြီး အလုပ်လုပ်လို့လည်း မလွယ်ကူတာကို တွေးမိသည် ။

"နောက်မှ စနိုးနဲ့ အေးအေးဆေးဆေး တိုင်ပင်ရမှာ ပဲ"

မေသူစိုးက သူ့ဘဝရှေ့ရေးအတွက်တွေးရင်း ဘဝမှာ အထီးကျန်ဆန်လွန်းစွာ ခံစားလိုက်ရသည် ။

***